
## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၀၇ သန်းကျော်ဝင်ရောက်

( ၂၀၂၂ ခုနှစ် ဇန်နဝါရီ - ၂၀၂၂ ခုနှစ် မေ)





၂၀၂၂ ခုနှစ် ပထမ လေးလတာဖြစ်သည့် ဇန်နဝါရီလမှ ဧပြီလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု **အမေရိကန်ဒေါ်လာ ၄၀၇ သန်းကျော်** ဝင်ရောက်ခဲ့သည်။ ဇန်နဝါရီလတွင် ရင်းနှီးမြှုပ်နှံမှု **အမေရိကန်ဒေါ်လာ သန်း ၂၆၀ ကျော်** ဝင်ရောက်ခဲ့ပြီး ဖေဖော်ဝါရီလတွင် **အမေရိကန်ဒေါ်လာ ၂၄ သန်းနီးပါး** အထိပြန်လည်ထိုးကျခဲ့သည်။ မတ်လတွင် **အမေရိကန်ဒေါ်လာ သန်း ၁၁၆ သန်းကျော်**ထိ ပြန်ဝင်ရောက်ခဲ့သော်လည်း ဧပြီလတွင်မူ ရင်းနှီးမြှုပ်နှံမှု **အမေရိကန်ဒေါ်လာ ခြောက်သန်းနီးပါး**သာ ဝင်ရောက်ခဲ့သည်။ အဆိုပါ လေးလတာအတွင်း တရုတ်ရင်းနှီးမြှုပ်နှံမှုမှာ **အမေရိကန်ဒေါ်လာ ၅၁ သန်းကျော် ရှိခဲ့သောကြောင့် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၁၃ ရာခိုင်နှုန်း**အထိ ရှိသည်ကို တွေ့ရသည်။

ရင်းမြစ်- စစ်ကောင်စီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## သုံးနှစ်တာအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အနည်းဆုံးဝင်ရောက်

(၂၀၂၀ ခုနှစ်၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် (ဇန်နဝါရီ - မေ) နှိုင်းယှဉ်ချက်)





၂၀၂၀၊ ၂၀၂၁၊ ၂၀၂၂ ခုနှစ်များ၏ ပထမလေးလတာအတွင်း **(ဇန်နဝါရီ မှ မေ)** နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏများကို နှိုင်းယှဉ်ကြည့်ရာတွင် ယခုနှစ်တွင် **ရင်းနှီးမြှုပ်နှံမှု အနည်းဆုံး**ဝင်ရောက်ခဲ့သည်ကို တွေ့ရသည်။ ၂၀၂၀ ခုနှစ် ပထမလေးလတွင် **အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံကျော်** ဝင်ရောက်ခဲ့ပြီး အများဆုံးဖြစ်ခဲ့သည်။ အာဏာသိမ်းမှုဖြစ်ပွားသည့် ၂၀၂၁ ခုနှစ်၏ ပထမလေးလတွင်မူ **အမေရိကန်ဒေါ်လာ သန်း ၉၀၀ ကျော်သာ** (အာဏာမသိမ်းခင် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်) ဝင်ရောက်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် **အမေရိကန်ဒေါ်လာ ၄၀၇ သန်းကျော်သာ** ဝင်ရောက်ခဲ့သောကြောင့် သုံးနှစ်တာအတွင်း ရင်းနှီးမြှုပ်နှံမှု အနည်းဆုံးဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ရင်းမြစ်- စစ်ကောင်စီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## အာဆီယံ၊ ဟောင်ကောင်နှင့် တရုတ်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်

( ၂၀၂၂ ခုနှစ် ဇန်နဝါရီ - ၂၀၂၂ ခုနှစ် ဧပြီ)





၂၀၂၂ ခုနှစ် ပထမလေးလတာအတွင်း နိုင်ငံအလိုက် ဝင်ရောက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများတွင် အာဆီယံ၊ ဟောင်ကောင်နှင့် တရုတ်နိုင်ငံတို့မှ အများဆုံး ဝင်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။ အာဆီယံနိုင်ငံများမှ **အမေရိကန်ဒေါ်လာ သန်း ၂၂၀ ကျော်**ဖြင့် အများဆုံးဖြစ်ခဲ့ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၅၄ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ဟောင်ကောင်မှလည်း **အမေရိကန်ဒေါ်လာ ၈၉ သန်းကျော်** ဝင်ရောက်ခဲ့ပြီး စုစုပေါင်း၏ ၂၂ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ တရုတ်ရင်းနှီးမြှုပ်နှံမှုသည်လည်း **အမေရိကန်ဒေါ်လာ ၅၁ သန်းကျော်**ဖြင့် စုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။ ထိုင်ဝမ်နိုင်ငံမှ **အမေရိကန်ဒေါ်လာ ၂၇ သန်းကျော်**ဖြင့် စုစုပေါင်း၏ ခုနစ်ရာခိုင်နှုန်းခန့် ရှိခဲ့သည်ကို တွေ့ရသည်။ အခြားနိုင်ငံများမှလည်း **အမေရိကန်ဒေါ်လာ ၁၁ သန်းနီးပါး** ဝင်ရောက်ခဲ့သည်။

ရင်းမြစ်- စစ်ကောင်စီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## အခြားဝန်ဆောင်မှုများကဏ္ဍသို့ ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်

( ၂၀၂၂ ခုနှစ် ဇန်နဝါရီ - ၂၀၂၂ ခုနှစ် မေ)




၂၀၂၂ ခုနှစ်၏ ပထမလေးလတာအတွင်း ကဏ္ဍအလိုက် ဝင်ရောက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများကို နှိုင်းယှဉ်ကြည့်ရာတွင် အခြားဝန်ဆောင်မှုများကဏ္ဍသို့ **အမေရိကန်ဒေါ်လာ ၂၁၃ သန်းကျော်**ဖြင့် အများဆုံးဝင်ရောက်ခဲ့သည်ကို တွေ့ရသည်။ ကုန်ထုတ်လုပ်ရေးကဏ္ဍသို့ **အမေရိကန်ဒေါ်လာ ၁၂၂ သန်းကျော်**ဖြင့် ဒုတိယအများဆုံးဝင်ရောက်ခဲ့သည်။ အိမ်ခြံမြေ၊ စွမ်းအင်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသို့လည်း **အမေရိကန်ဒေါ်လာ ၃၈ သန်းကျော်၊ ၁၇ သန်းကျော်**နှင့် **၁၅ သန်းကျော်** အသီးသီးဝင်ရောက်ခဲ့ကြသည်။ ဆောက်လုပ်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ စက်မှုဇုန်များ၊ ပို့ဆောင်ဆက်သွယ်ရေး၊ သတ္တုတူးဖော်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေး အစရှိသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ လေးလအတွင်း လုံးဝ ဝင်ရောက်ခဲ့ခြင်း မရှိပေ။

ရင်းမြစ်- စစ်ကောင်စီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန